

ADRA

# Mingalaba
မင်္ဂလာပါ

127 | JUNE 22

## ငွန်ထန်း၏ ဇာတ်ကြောင်း

စိုက်ပျိုးရေး အနာဂတ်သစ်ကို တည်ထောင်ခြင်း

# Mingalaba
မင်္ဂလာပါ

အတွဲ ၂၇ ၊ ဇွန်လ ၂၀၂၂

## မာတိကာ

၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ SURE/ SHAPE စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ ငွန်ထန်းပင် ဖြစ်ပါသည်။

Photo: © 2022 ADRA Myanmar | David Cung Lan Thang

အယ်ဒီတာ/ ဘာသာပြန်
Emma McCrow ,Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Saw Lay Ka Paw, Nang Nom Hsaing, Htay Htay Myint, Htet Htet Shein, Mya Yamone Htun, Naw Htoo Eh Wah, May Thagyan Soe, David Cung Lan Thang, Moe July Aung, Aung Cho Min.

ထုတ်ဝေသူ
ADRA Myanmar

ADRA

' မင်္ဂလာပါ ' သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။

ဆောင်းပါး



### စိုက်ပျိုးရေး အနာဂတ်သစ်ကို တည်ထောင်ခြင်း

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်တွင် နေထိုင်သည့် အသက် ၃၀ အရွယ် ကိုငွန်ထန်းသည် SALT နည်းလမ်းဖြင့် စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူတစ်ဦးဖြစ်ပြီး သူပိုင်ဆိုင်သောမြေနှစ်ဧကတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ သူသည်အိမ်ထောင်ဦးစီးတစ်ဦးအနေဖြင့် သူ၏ဇနီးနှင့်အတူ အသက်အရွယ်ကြီးမြင့်ပြီဖြစ်သော မိခင်ကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ သူသည်ယခင်က သာမန်တောင်သူတစ်ဦးဖြစ်ပြီး ခုတ်ထွင်

မီးရှို့သည့် လယ်ယာလုပ်ငန်းကို အခြေခံ၍ မိသားစုစားဝတ်နေရေးကို စီမံဆောင်ရွက်နေသည်မှာ လယ်ယာမြေစီမံခန့်ခွဲမှုအတွက် ရေရှည်မတည်တံ့နိုင်ဘဲ သဘာဝပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေသည်ဟု သူ့အနေနှင့် ယူဆမိလာသည်။

၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SURE (ရေရှည်တည်တံ့သော ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း) မှ MFAT နှင့် ADRA New Zealand မှ SALT စိုက်ပျိုးနည်းစနစ်ကို မိတ်ဆက်ပေးလိုက်ခြင်းအားဖြင့် SALT၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို ပိုမိုစိတ်ဝင်စားလာခဲ့ပြီး လယ်မြေ၏ မြေဆီလွှာကို ရေရှည်အသုံးပြုနိုင်စေရန်အတွက် လယ်ယာမြေ၏ မြေဆီလွှာထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများကိုလည်း စီမံကိန်းထံမှလည်း သင်ယူနိုင်ခဲ့သည်။ သူ၏လယ်မြေပေါ်တွင် ထောပတ်သီး၊ ငရုတ်၊ သံပရာကဲ့သို့သော နှစ်ရှည်သီးနှံများ စိုက်ပျိုးပြီး ဖြစ်ထွန်းရှင်သန်မှုနှုန်းမှာလည်း ထောပတ်သီးတွင် ၇၆ ရာခိုင်နှုန်း သံပရာစိုက်ပျိုးမှုတွင် ၇၅ ရာခိုင်နှုန်းခန့် ဖြစ်ထွန်းခဲ့သည်ဖြစ်သည်။

မိုးရာသီတွင်လည်း ၎င်း၏နေအိမ်ပျိုးခင်းမှ ကော်ဖီပျိုးပင် ၂၈၀ နှင့် ထောပတ်သီး ၂၅ စေ့ကို ထပ်မံစိုက်ပျိုးရန် ရည်ရွယ်ထားသည်။ ထို့ပြင် ထောပတ်သီးအစေ့ အိတ် ၄၀ ၊ ကော်ဖီစေ့ တစ်ဘူးခန့်နှင့် ပျိုးခင်းတွင် ပျိုးထောင်ပြီးသော ၀၃ သုံးပိသာကဲ့သို့သော သီးနှံမျိုးစေ့အချို့လည်း စိုက်ပျိုးရန် ကျန်ရှိနေသေးသည်။

စီမံကိန်းထံမှလည်း သံနန်းကြိုးအခွေ ၂၁ ခွေနှင့် ရေပိုက်ပျော့ ၄ ခွေတို့ကိုလည်း အထောက်အပံ့အနေနှင့် ရရှိခဲ့သည်။ ပြီးခဲ့သည့် ရိတ်သိမ်းရာသီတွင်လည်း သူ၏လယ်မြေမှ ပြောင်း ၁၂ တင်းကျော် ရိတ်သိမ်းခူးဆွတ်နိုင်ခဲ့ပြီး ၀၃ ကျပ် ၂ သိန်းခွဲကျော်ဖိုးကိုလည်း ရောင်းချနိုင်ခဲ့ရသည်။

သူ၏တောင်ယာမီးရှို့ခုတ်ထွင်စိုက်ပျိုးမှုမှသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်သော SALT စိုက်ပျိုးခြင်းသို့ ပြောင်းလဲရာတွင် အလုံးစုံပြီးပြည့်စုံခြင်း မရှိသေးသော်လည်း ၎င်း၏ SALT စိုက်ပျိုးရေးသို့ ကူးပြောင်းမှုသည် နှစ်အနည်းငယ်အတွင်း ပြီးမြောက်နိုင်မည်ဟု သူ့အနေဖြင့်လည်း မျှော်လင့်ထားသည်။

“မြေယာထဲက နှစ်ရှည်သီးနှံတွေက မဝေးတော့တဲ့ အနာဂတ်မှာ ကျွန်တော်တို့ကို ဝင်ငွေကောင်းစေမယ်လို့ မျှော်လင့်ပါတယ်။”

> “ ကျွန်တော်တို့ကို စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတွေပံ့ပိုးပေးပြီးတော့ အသိပညာ၊ နည်းပညာတွေအများကြီးပေးတဲ့အတွက် ADRA ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်”



## သတင်းစကား

## ကြောက်ရွံ့ခြင်း

ကြောက်ရွံ့ခြင်းကို သမ္မာကျမ်းစာတွင် အကြိမ် ၆၀၀ ကျော် ဖော်ပြထားသည်။ ၎င်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် သေးငယ်သောအကြောင်းအရာတစ်ခု မဟုတ်ပါ။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့ကို “မကြောက်နှင့်” ဟု ကြိမ်ဖန်များစွာ အမိန့်ပေးထားသည်ကို ကြားတွေ့ရပေမည်။ အာဗြဟံ၊ မောရှေ၊  ခြင်္သေ့တွင်းသို့သွားမည့် ဒံယေလနှင့် ကျွန်ုပ်တို့တစ်ဦးစီအပါအဝင် အစ္စရေးလူမျိုးတို့အားလည်း ထိုအမိန့်တော်ကို ပေးခဲ့သည်။

သင်သည် ကျမ်းစာဖတ်တိုင်း “မကြောက်နဲ့ “ ဆိုတာကို ကြိမ်ဖန်များစွာ ဖော်ပြထားသည်ကို တွေ့ရပေမည်။ သမ္မာကျမ်းစာက ဖော်ပြထားသည့် “ မကြောက်နဲ့” ဟု ပြောထားခြင်းက ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူခြင်းဖြစ်သည်။

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလုပ်တွင် တစ်စုံတစ်ခုကို လုပ်ဆောင်ရန် ယုံကြည်မှု ကင်းမဲ့နေတတ်ပါသည်။ အနာဂတ်ကိုကြောက်ရွံ့ခြင်း၊ အန္တရာယ်ကိုကြောက်ရွံ့ခြင်း၊ အတိတ်ကိုကြောက်ရွံ့ခြင်းနှင့် အချို့သောသူများက အလုပ်ဆုံးရှုံးခြင်းကို ကြောက်ရွံ့တတ်သလို ကျန်းမာရေးမကောင်းမှာကို ကြောက်ကြပါသည်။ တစ်ခါ တစ်ရံတွင် တခြားသူတွေရဲ့ ဝေဖန်မှုကိုလည်း ကြောက်တတ်ကြပါတယ်။ စာတန်သည် ကျွန်ုပ်တို့၏ဘဝတွင် စိတ်ခတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများဖြစ်စေရန် ဤအခွင့်အရေးကို အသုံးပြုပါသည်။

အကြောက်တရားသည် မာရ်နတ်၏ကိရိယာဖြစ်ပြီး ၎င်းသည်အချိန်တိုင်း အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုကိုသာ ဖြစ်စေပါသည်။ အကြောက်တရား၏ ဒီဇိုင်းတစ်ခုလုံးသည် သင်ရှေ့ဆက်မသွားရန် တားဆီးနေခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသာ ကြောက်ရွံ့ရမည်ဖြစ်ပြီး သမ္မာကျမ်းစာတွင်လည်း အကြိမ်များစွာ ဖော်ပြထားပါသည်။

သုတ္တံကျမ်း။ ၁၀:၂၇ ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် အသက်တာကို ရှည်စေတတ်၏။ မတရားသော သူ၏ နှစ်ပေါင်းကာလမူကား တိုတတ်၏။

ဆာလံကျမ်း ၂၅: ၁၂ အကြင်သူသည် ထာဝရဘုရားကို ကြောက်ရွံ့တတ်၏။ ထိုသူအား နှစ်သက်ဖွယ်သောလမ်းကို ပြဩွန်တော်မူမည်။

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်နှင့်အညီ အခြားသူများကို မျှဝေခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် သူ၏နှုတ်ကပတ်တော်များကို နာခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကြောက်ရွံ့ခြင်းမှ ကင်းဝေးပြီး ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ပျော်ရွှင်သောအသက်တာကို ပိုင်ဆိုင်ကာ တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးပြီး ဘုရားသခင်ထံတော်၌ ခိုလှုံနေထိုင်သွားကြပါစို့ဟု ဆန္ဒပြုလိုက်ပါသည်။

Justice
Compassion
Love

www.adramyanmar.org

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



## LUN SIAN VUNG

Accountant | Yangon Head Office

*Q1* **ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
Zomi/ ချင်းလူမျိုးပါ။

*Q2* **အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
အသီးအနှံများ

*Q3* **အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
အဖြူရောင်ပါ။

*Q4* **ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
အားကစားတစ်မျိုးမျိုးလုပ်ရတာ/ ခရီးထွက်ရတာပါ။

Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Niagara Falls & Hawaii Island

Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Honest & Open-minded

Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

ဒီဇင်ဘာလ ၂၀၁၅

Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

Team နဲ့ အလုပ်လုပ်ရတာ/ လူသားအချင်းချင်း ကူညီရတာမို့လို့ နှစ်သက်ပါတယ်။

## ယခုလအတွက် ဓာတ်ပုံ



ဇွန်လ

ဓာတ်ပုံရိုက်ကူးသူအမည်

BRIGHT PROJECT

ဓာတ်ပုံ၏အကြောင်း

Global Affairs Canada နှင့် ADRA Canada မှ ရန်ပုံငွေထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် TEES ကျောင်းသားများအတွက် ကျောင်းသုံးပစ္စည်းများကို ပံ့ပိုးပေးပါသည်။

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်း ဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

၁။ သင်တန်းအမှတ်စဉ် ၈ သင်တန်းဆင်းပွဲ အခမ်းအနားကို ကွတ်ခိုင်မြို့နယ်တွင် သင်တန်းသား ၁၆၀ နှင့် ဒေသခံ သင်တန်းဆရာ ၂၁ ဦးဖြင့် ကျင်းပခဲ့သည်။

၂။ သင်တန်းအမှတ်စဉ် ၉ အတွက် Business Coordination အစည်းအဝေးကို လားရှိုးမြို့ ၌ ဒေသခံ သင်တန်းဆရာ ၁၈ ဦးဖြင့် ပြုလုပ်ခဲ့ သည်။

၃။ သင်တန်းအမှတ်စဉ် ၉ မှ သင်တန်းသား ၁၂၀ အား Life Skills နှင့် Business Skills သင်တန်းများပို့ချခဲ့သည်။

၄။ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်း၊ အခြေခံစက်ချုပ်၊ အခြေခံကွန်ပျူတာသင်တန်း နှင့် လက်မှုပညာသင်တန်းစသည့် သင်တန်း ၅ ခုအတွက် သင်တန်းအမှတ် ၉ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ပေး ထားသော BRIGHT စီမံကိန်းသည် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁။ အခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၂ ရက်က လားရှိုးမြို့ လေ့ကျင့်ရေးစင်တာ၌ ကျင်းပခဲ့သည်။ ယင်း အခမ်းအနားသို့ စုစုပေါင်း ၂၉ ဦး တက်ရောက် ခဲ့သည်။ သင်တန်းသို့ သင်တန်းသူအမျိုးသမီး ၁၆ ဦး စာရင်းပေးသွင်းထားသည်။

၂။ စီမံကိန်းသည် ဇွန်လ ၈ ရက်မှ ဇွန်လ ၂၀ ရက်အထိ Midterm review အလုပ်ရုံဆွေးနွေး ပွဲကို ပြုလုပ်ခဲ့သည်။ စီမံကိန်းပစ်မှတ်ကျေးရွာ များရှိ အကျိုးခံစားခွင့်ရှိသူ Col MEL နှင့် Focus Group ဆွေးနွေးမှုများကို ဇွန်လ ၈ ရက်မှ ၁၀ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

၃။ BRIGHT စီမံကိန်းဆိုင်ရာ Orientation အစည်းအဝေးကို ဇွန်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့၌ မိတ်ဖက်အဖွဲ့အစည်း TEI နှင့် ကျင်းပခဲ့သည်။

၄။ ၂၀၂၁- ၂၀၂၂ ခုနှစ် ပညာသင်နှစ် TEES ကျောင်းသားများအတွက် သင်တန်းပြီးမြောက် ခြင်း ကျောင်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ကယားပြည်နယ်တွင် ဇွန်လ ၁၃ ရက်နေ့က ကျင်းပခဲ့သည်။ ထို့နောက် စီမံကိန်းသည် ကယားပြည်နယ်မှ TEES ကျောင်းသား ၁၅၀၀ အား ကျောင်းသုံးပစ္စည်း များကို ဖြန့်ဝေပေးခဲ့သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## MOFA

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ADRA Japan မှ ရန်ပုံငွေထောက်ပံ့ပေးထားသော MOFA စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

အိမ်သာ၊ ရေတွင်း၊ ဆရာများနေအိမ်အပါအဝင် စာသင်ကျောင်းအသစ်ဆောက်လုပ်နေမှုမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကျောင်းစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို စီမံကိန်းဆောင်ရွက်သည့် ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးအသိပညာ မြှင့်တင်ရန်အတွက် ကျန်းမာရေးအသိပညာပေးဖြန့်ဝေသူသည် ကျောင်းသားများအား ကျန်းမာရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာများကို မျှဝေပေးခဲ့သည်။ စီမံကိန်းလုပ်ငန်းများကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ခုတွင် ဆောင်ရွက်ခြင်းဖြစ်သည်။

ကျောင်းအဆောက်အအုံ၊ ပရိဘောဂများ၊ ကျောင်းသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများကိုလည်း ထောက်ပံ့ပေးခြင်းဖြစ်သည်။





## CASE2Learn

ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ADRA UK ၊ ADRA Germany၊ RISE တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော CASE2Learn စီမံကိန်းသည် အောက်ပါလှုပ်ရှားမှုများကိုဆောင်ရွက်ခဲ့သည်။

နွေရာသီအားလပ်ရက်သင်တန်း (SVT) ကို ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် မိတ်ဖက် KTWG မှ ကြီးမှူးကျင်းပခဲ့သည်။ KTWG သည် စီမံကိန်း အကောင်အထည်ဖော်မှု အစီအစဉ်များအရ SVT သင်တန်း ၁၈ ခု ပြီးမြောက်ခဲ့ပါသည်။

ယင်းသင်တန်းသို့ တက်ရောက်လာသူအားလုံးသည် အဖွဲ့လိုက်ဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။







# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## ELACAP

USAID မှ ရန်ပုံငွေပံ့ပိုးပေးထားပြီး မိတ်ဖက် CIDKP နှင့် ပူးပေါင်းဆောင်ရွက်နေသော ELACAP စီမံကိန်းသည် စစ်ရှောင်များအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေနိုင်ရေးအတွက် ရည်ရွယ်၍ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း လက်ဆေးရေကန်များပါရှိသည့် ရပ်ရွာအိမ်သာ အဆောက်အအုံတစ်ခုကို ဆောက်လုပ်ပေးခဲ့သည်။

အဆိုပါစီမံကိန်းထောက်ပံ့မှုမှ အိမ်ထောင်စု ၁၆၃ စု (အမျိုးသား ၃၁၆ ဦးနှင့် အမျိုးသမီး ၃၈၁ ဦး) တို့သည် တိုက်ရိုက်အကျိုးခံစားခွင့် ရရှိခဲ့သည်လည်းဖြစ်သည်။

## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့ပါသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများမှ တောင်သူ ၂၂၉ ဦးသည် အပင်ကြီးထွားမှု လေ့လာခြင်းဆိုင်ရာ တောင်သူသင်တန်းကျောင်း သင်တန်းသို့ တက်ရောက်ခဲ့သည်။ ယင်းတွင် ရေအသုံးချစီမံခန့်ခွဲမှု၊ ပိုးမွှားစီမံခန့်ခွဲမှု၊ ပြောင်း၊ ချင်း(ဂျင်း)၊ ဝဥ၊ ကော်ဖီ၊ ထောပတ်သီးနှင့် သံပုရာပင်များ စိုက်ပျိုးမှုအတွက် သဘာဝဓာတ်မြေဩဇာ အသုံးချမှု၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများစသည့်တို့ပါဝင်သည်။

ထို့ပြင်စီမံကိန်းသည် SALT စိုက်ပျိုးခင်းများအတွက် တောင်သူ ၁၀ ဦးအား ရေပိုက်လိုင်းများနှင့် တာပေါ်လင်စများကို  ထောက်ပံ့ပေးခဲ့သည်။










# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## UNICEF EMERGENCY WASH

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော UNICEF Emergency WASH စီမံကိန်းသည် ကရင်ပြည်နယ်အတွင်း COVID–19 ရောဂါ ကာကွယ်ရေး၊ရေနှင့် မိလ္လာစနစ်ကောင်းမွန်ရေး တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် အထောက်အကူပြု အသိပညာပေးပိုစတာများ၊ ပစ္စည်းများကို အိမ်ထောင်စု ၅၃၉၂ စုသို့ ဖြန့်ဝေပေးခဲ့သည်။

တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးခြင်း၊ COVID– 19 ကူးစက်မှုလျော့ပါးစေရန် ကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးဆိုင်ရာ ဟောပြောပွဲများကို ကြာအင်းဆိပ်ကြီး ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့တွင် ပြုလုပ်ခဲ့သည်။ ထို့ပြင် အိမ်ထောင်စု ၂၄၈ စု အတွက် အိမ်သာ ၂၄၈ လုံး တည်ဆောက်ပေးခဲ့ပြီး အိမ်ထောင်စု(၁၆၉)စုနှင့် ရပ်ရွာလူထု(၁၂၂၈) ဦးတို့အား အကျိုးရှိစေမည့် စုစုပေါင်းရေချိုးခန်းအလုံး ၁၀၀ကိုလည်း တည်ဆောက်ပေးခဲ့သည်။

ရေဖြန့်ဝေရေးစနစ် ၈ ခုကို ကျေးရွာ ၈ ရွာတွင် တည်ဆောက်/ပြန်လည်ပြုပြင်ခဲ့ရာ အိမ်ထောင်စု ၉၆၃ စုမှ ရပ်ရွာလူထု ၆၁၂၃ ဦးသည် ယင်းအထောက်အပံ့များမှ အကျိုးကျေးဇူးခံစားခွင့်ရရှိခဲ့သည်။





## AEON5

ယခုလတွင် AEON 1% Club နှင့် ADRA Japan တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော AEON5 စီမံကိန်းသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ACS/Community Schools တစ်ခုတွင် ကျောင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

- ကျောင်းကြမ်းခင်းပြုပြင်ခြင်း (၂၄ ပေ x ၆၃ ပေ)
- ကျောင်းဝင်ပေါက်တံခါးလုပ်ဆောင်ခြင်း (၁၂ ပေx၇ ပေ)
- ကျောင်းသားများအတွက် စားပွဲနှင့် ခုံတန်းရှည် များလုပ်ဆောင်ခြင်း(အစုံ ၃၀စာ)

စီမံကိန်းဆောင်ရွက်ရန် ရည်မှန်းထားသော စာသင်ကျောင်းတွင် ကျောင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ကျောင်း၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကျောင်းသားများသည်လည်း ကျန်းမာလုံခြုံစွာဖြင့် ၄င်းတို့၏ သင်ယူမှုအပေါ် အာရုံစိုက်နိုင်မည်ဖြစ်သည်။









## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

**အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ်သိရှိနိုင်ရန် www.adramyanmar.org/jobs တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ Facebook မှတစ်ဆင့် ပေးပို့လျှောက်ထားမှုများကိုမူ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း www.adramyanmar.org/report တွင် ပေးပို့တင်ပြနိုင်ပါသည်။**

# ဝန်ထမ်းသစ် မိတ်ဆက်



**HTOI BU**
Cashier
Finance



**DOMINIC N MWENDWA**
Humanitarian Operations & Procurement Specialist
ReCAP/ Administration

# ၂၀၂၂ ခုနှစ် ပြက္ခဒိန်



## JULY 2022

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 31 | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 Fullmoon Day of Waso | 13 | 14 | 15 | 16 |
| 17 | 18 | 19 Martyrs Day | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

### လာမည့်ပွဲ အခမ်းအနားများ

Timesheets များသည် လစဉ် ၂၅ ရက်နေ့ တွင် တင်သွင်းရမည် ဖြစ်သည်။

အများပြည်သူ ရုံးပိတ်ရက်

ဇူလိုင် ၁၂ – ဝါဆိုလပြည့်နေ့

ဇူလိုင် ၁၉ – အာဇာနည်နေ့

**'MINGALABA'**
Next Volume:
15 August 2022

ADRA